စိတ်ကူးချိုချိုအနုပညာ

mgyoe.com

အမှတ် ၆

# လောကနီတိ

## မင်းအစိုးရဆိုင်ရာအခန်း

# ပုံပြင်ဆေးရောင်ခြယ်

ကာတွန်း မိုသံ စီစဉ်သည်



CARTOON
BOTHAN

mgyoe.com

mgyoe.com

လောက လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ

**သင့်ကလေး**
**ဆေးရောင်ခြယ်ဆော့ကစားရင်း**
**လောကနီတိများကို**
**မှတ်သားမိသွားစေပါမည်။**



ISBN 9789997116123
BOT8
9 789997 116123
500.00 KS

mgyoe.com

mgyoe.com

mgyoe.com

လောကနီတိဆိုတာ ကျမ်းတစ်စောင်ဖြစ်တယ်ကွဲ့။
သားသားမီးမီးတို့ အပါအဝင် လောကီလူသားတွေရဲ့အကျိုးဖြစ်ထွန်းစရာ
လောကအကြောင်း၊ ဓမ္မအကြောင်း၊ စီးပွားအကြောင်း၊ ပညာအကြောင်း၊
ရာဇအကြောင်း စတဲ့ အဆုံးအမတွေကို ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ဘဲ
ရှေးနှစ်ပေါင်းများစွာကတည်းက ပြုစုထားတဲ့ ကျမ်းတစ်စောင်ဖြစ်လို့
သားသားမီးမီးတို့ သိမှတ်လေ့လာနိုင်ဖို့ ပျော်ရွှင်ဖွယ်ရာလေးတွေဖြစ်အောင်
ဆေးရောင်ခြယ်ပုံလှလှလေးတွေ ရေးဆွဲတင်ဆက်ပေးလိုက်ပါတယ်ကွယ်။


ဦးဦးဗိုသံ



ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၀၇၉၊ မိုးဆိုင်လမ်း၊ ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com

mgyoe.com



ရဟန်းသည် မရောင့်ရဲတတ်က ပျက်၏။

မင်းသည် ရောင့်ရဲတတ်က ပျက်၏။

ပြည့်တန်ဆာသည် ရှက်တတ်က ပျက်၏။

အမျိုးကောင်းသမီးသည် မရှက်တတ်က ပျက်၏။

mgyoe.com




ငှက်တို့၏ ခွန်အားကား ကောင်းကင်တည်း။
ငါးတို့၏ ခွန်အားကား ရေပြင်တည်း။
အားနည်းသူတို့၏ ခွန်အားကား မင်းတည်း။
ကလေးငယ်တို့၏ ခွန်အားကား ငိုခြင်းတည်း။

mgyoe.com


mgyoe.com



သည်းခံခြင်း၊ နီးကြားခြင်း၊ ထက်ြွလုံ့လပြုခြင်း၊ ဝေဖန်ပေးကမ်းခြင်း၊ သနားခြင်း၊
မြော်မြင်ခြင်း ဟူသော ထိုခြောက်ပါးတို့သည် အကြီးအကဲတို့၏ ဂုဏ်၊
သူတော်ကောင်းတို့ အလိုရှိအပ်သော ဂုဏ်တို့တည်း။



mgyoe.com



ထိုလောကတွင် မင်းတို့သည် လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့သည် လည်းကောင်း၊
သူတော်ကောင်းတို့သည် လည်းကောင်း တစ်ကြိမ်သာ ဆိုကြကုန်၏။
ထိုသဘောသည် ရှေးသူဟောင်းတို့၏ အကျင့်တည်း။

mgyoe.com


mgyoe.com



အိမ်ထောင်သည်ယောကျ်ားသည် ပျင်းရိတတ်မှု မကောင်း။
အိမ်ထောင်မဲ့ရဟန်းသည် မစောင့်စည်းတတ်မှု မကောင်း။
မင်းသည် မဆင်မခြင်ပြုတတ်မှု မကောင်း။
ပညာရှိသည် အမျက်ထွက်တတ်မှု မကောင်း။




mgyoe.com



အကြင်အရပ်တွင် အကြီးအကဲတို့ များပြားကြ၏။ လူအားလုံးတို့သည် (မိမိတို့ကိုယ် မိမိတို့) ပညာရှိများဟု ထင်မှတ်ကြ၏။ လူအားလုံးတို့သည် အကြီးအကဲအဖြစ်ကို အလိုရှိကြ၏။ ထိုသူတို့ ဆောင်ရွက်အပ်သော အမှုသည် ပျက်စီးတတ်၏။

mgyoe.com


mgyoe.com

မင်းသည် အခွန်အတုတ် ရ မရကိုလည်းကောင်း၊ မျိုးရိက္ခာ ကုန် မကုန်ကို လည်းကောင်း၊
အမှုဆောင်ရွက် ပြီး မပြီးကို လည်းကောင်း ကိုယ်တိုင်သိအောင် ပြုရာ၏။
နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်အပ်၏။ ချီးမြှောက်ထိုက်သူကို ချီးမြှောက်အပ်၏။

mgyoe.com

mgyoe.com



နေပူဆာကို ကျောက်ကုန်းဖြင့် ချဉ်းကပ်ရာ၏။

မီးကို ဝမ်းဖြင့် ချဉ်းကပ်ရာ၏။

အရှင်ကို အလုံးစုံသောအဖို့ဖြင့် ချဉ်းကပ်ရာ၏။

တမလွန်ဘဝကို မတွေ့ဝေခြင်းဖြင့် ချဉ်းကပ်ရာ၏။

mgyoe.com